# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၅)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်နေ့ ၊ ၄-၁၂-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားစစ်သံရုံးများမှစစ်သံမှူးများ၊စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

**စာမျက်နှာ ၃ သို့ ◆**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၄ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေးနေ့စဉ်

## ပန်းမြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်

ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများ အားလုံးဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျ ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာသုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်းများ ဖူးပွင့်နိုင်ရေး မျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ၌ ပြောကြားခဲ့သည်။

ဥယျာဉ်နေရာများ၌သာမက မြို့အတွင်းရှိလမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း သစ်ပင်ပန်းမန်များစိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် ပြင်ဦးလွင်မြို့၏ တောင်ဘက်ပိုင်း၌ သစ်တောဖုံးလွှမ်းမှုရှိစေရေး ပြန်လည်ဆောင်ရွက်သွားရန်လိုပြီး ပြင်ဦးလွင်ဒေသ၏ စိမ်းလန်းစိုပြည်မှုနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အတွင်း လမ်းဘေးများရှိ သစ်ပင်များနှင့် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ သစ်ပင်များကိုလည်း အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းတို့ဆောင်ရွက်၍ လေဝင်လေထွက် ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ရှု့ခင်းလျှောက်လမ်းဆောင်ရွက်ထားရှိမှု၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြု စိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှု့ခင်းလျှောက်လမ်းပေါ်တွင် လူအများ သွားလာကြမည်ဖြစ်သဖြင့် သစ်အမျိုးအစားကောင်းများ အသုံးပြုခင်းကျင်းရန်နှင့် ကြံ့ခိုင်သပ်ရပ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသပန်းမျိုးများအား စနစ်တကျ သုတေသနပြုလုပ်၍ အပင်သက်တမ်း၊ အပွင့်သက်တမ်းမြင့်မားစေရေး၊ ပွင့်အားကောင်းမွန်မှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ကန်တော်ကြီးပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်းအကျယ် ၇ ပေ မှ ၁၂ ပေ၊ လမ်းအရှည် ပေ ၁၉၀၀ ရှိ လူသွားလမ်းနှင့် ခြံစည်းရိုးအား ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လူသွားလမ်းအား ပြုပြင်တည်ဆောက်ခဲ့ခြင်းကြောင့် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ကန်တော်ကြီးပတ်လမ်းတစ်လျှောက် အနားယူအပန်းဖြေလမ်းလျှောက်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းရေးသားလိုက်ရပေသည်။

## မဟာအောင်မြေမြို့နယ်တွင် ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး ဒီဇင်ဘာ ၃**

မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များကို မဟာအောင်မြေမြို့နယ်၊ လူစည်ကားသည့်နေရာများ၌ ယနေ့ နံနက်ပိုင်းက ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်ဖြန့်ဝေမှုကို မဟာအောင်မြေမြို့နယ်ရှိ ၁၈ ရပ်ကွက်အတွင်း ဈေးသည်များ၊ ခရီးသွားပြည်သူများနှင့် လူစည်ကားသည့်နေရာများ၌ အသက်၁၈နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူမဲပေးကြမယ်"အသိပညာပေးလက်ကမ်းစာစောင်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်းနှင့်အဖွဲ့ဝင်များ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များကို (အခမဲ့)ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ ၁ လမ်း၊ ၇၅ လမ်းနှင့် ၇၆လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင်လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## ကထိန်အောင်ပွဲ ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပ

**မုံရွာ ဒီဇင်ဘာ ၃**

မုံရွာမြို့၊ တောင်ပုံရွာ ဦးဓမ္မစာရ ကထိန်အောင်ပွဲ ရေစက်ချအလှူတော်မင်္ဂလာကို ဆဋ္ဌမအကြိမ်မြောက် မိသားစုအလှူတော်မင်္ဂလာအဖြစ် အနန္တောအနန္တငါးပါး ဦးထိပ်ထားလျက် မိခင်ကြီး ဒေါ်ခင်စောအား အမှူးထားလျက် ကထိန်ဒါယကာ၊ ကထိန်ဒါယိကာမများဖြစ်ကြသော ဦးသန်းဦး+ ဒေါ်ခင်စန်းကြည်၊ ဦးသိန်းဇော်+(ဒေါ်မြသန်း)၊ ဦးမျိုးဇော်ဦး(တရားလွှတ်တော်ရှေ့နေ) +ဒေါ်မေဇင်စုမွန်(တရားလွှတ်တော်ရှေ့နေ)၊ သမီး မရွှေစင်မျိုးမွန် မိသားစုတို့မှ ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ (၃၀-၁၁-၂၀၂၅)၊ တနင်္ဂနွေနေ့ နံနက်က စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။



ရှေးဦးစွာ နံနက် ၆ နာရီတွင် ဆရာတော်သံဃာတော်များအား အာရုဏ်ဆွမ်း ကြာဇံဟင်းခါးများနှင့် နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် သင်္ကန်းအစရှိသော ကထိန်လျာပစ္စည်းများနှင့် တကွ အခြံအရံပစ္စည်းများကို ဆက်ကပ် လှူဒါန်းကာ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆရာတော်များထံမှ သီလခံယူဆောက်တည်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ ဆက်လက်၍ အလှူဒါယကာ+ဒါယိကာမ မိသားစုများမှ ရွှေမိုးငွေမိုးများရွာသွန်းကာ အဝတ်အထည်များ၊ အသုံးအဆောင်များ၊ ငွေသားကံစမ်းမဲများ မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့။**

## စဉ့်ကိုင်မြို့နယ်၌ (မြို့နယ်အဆင့်) လူရည်ချွန်ရွေးချယ်စာမေးပွဲ မြန်မာဘာသာရပ်နှင့် အင်္ဂလိပ်စာဘာသာရပ်ဖြေဆို

**စဉ့်ကိုင် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (မြို့နယ်အဆင့်) လူရည်ချွန်ရွေးချယ်စာမေးပွဲ မြန်မာစာဘာသာရပ်နှင့် အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့နံနက် ၉ နာရီက ဖြေဆိုခဲ့သည်။

အဆိုပါ (မြို့နယ်အဆင့်) လူရည်ချွန်ရွေးချယ်စာမေးပွဲ မြန်မာစာဘာသာရပ်နှင့် အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုရာတွင် မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ Grade-9 ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး၊ Grade-10 ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး၊ Grade- 11 ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ Grade - 12 ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၆၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦးနှင့် တာဝန်ရှိ ဆရာ၊ ဆရာမများက စာမေးပွဲ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

◆ ရွှေဖုံးမှ

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၅၉ ဗိုလ်လောင်း မြတ်သီဟ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၄၄ ဗိုလ်လောင်း ဟိန်းဝေလင်း၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၅၅ ဗိုလ်လောင်း တင့်အောင်ထူး၊ စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်း အမှတ် ၃၆၂၇၀ ဗိုလ်လောင်း ဟိန်းထက်နိုင်၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၆၂၁၄ ဗိုလ်လောင်း ထက်ဝေယံအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းကို စာမျက်နှာ - ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏ မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း မြတ်သီဟအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ စာပေထူးချွန်ဆု (သိပ္ပံ) ရရှိသူ ဗိုလ်လောင်း ဟိန်းထက်နိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ စာပေထူးချွန်ဆု(ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်း ထက်ဝေယံအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။




စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တွေ့ရစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

- ☆ **နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ဟာ အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနဲ့လည်း အများကြီးသက်ဆိုင်**
- ☆ **တပ်မတော်အနေနဲ့လည်း ယနေ့အချိန်အထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ ခေတ်အဆက်ဆက် တပ်မတော်သားတွေရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ပဲဖြစ်**
- ☆ **တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်းထိန်းသိမ်းကြရမယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာကြဖို့လို**

ရဲဘော်တို့

ဒီနေ့ဟာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇)ရဲ့ သင်တန်းဆင်းတဲ့နေ့ဖြစ်သလို အမိစစ်တက္ကသိုလ်မှာ စာပေပညာ၊ စစ်ပညာတွေကို သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်လို့ ရဲဘော်တို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးမှာ ခေါင်းဆောင်ငယ်တွေအဖြစ် တပ်မတော်က စတင်တာဝန်ပေးအပ်တဲ့ နေ့လည်းဖြစ်တယ်။ ဒါကြောင့် ဒီနေ့ဟာ ရဲဘော်တို့အတွက် ဘဝမှတ်တိုင်သစ် စိုက်ထူနိုင်တဲ့ နေ့ဖြစ်တဲ့အပြင် နိုင်ငံတော်နဲ့ တပ်မတော်အတွက်လည်း ခွန်အားသစ်တွေ တိုးပွားတဲ့ နေ့ထူးနေ့မြတ်ဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုတယ်။

ရဲဘော်တို့

အမိစစ်တက္ကသိုလ်ကြီးကနေ **"တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများ မွေးထုတ်ပေးရန်"** ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ ရဲဘော်တို့ကို တပ်မတော်ရဲ့ခေါင်းဆောင်ငယ်များ အဖြစ် မွေးထုတ်ပေးခဲ့ပြီးဖြစ်တယ်။ ဒီလိုကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေနဲ့ မွေးဖွားလာတဲ့ ရဲဘော်တို့ဟာ တာဝန်ကျရာ တပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ရင်း **"သစ္စာ၊ သူရ၊ သိပ္ပ"** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

ရဲဘော်တို့

တပ်မတော်ရဲ့ အဓိကလုပ်ငန်းကြီး ၃ ခုကို စတင်ထမ်းဆောင်ကြရတော့မယ့် ရဲဘော်တို့ဟာ ခေါင်းဆောင်မှုပညာရပ်ကိုလည်း နားလည်တတ်ကျွမ်းထားဖို့လိုအပ်တယ်။ **ခေါင်းဆောင်မှုဆိုတာ မွေးရာပါ အရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင် လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရတာဖြစ်လို့** ရဲဘော်တို့အနေနဲ့ တပ်မတော်မှာ ပြဋ္ဌာန်းထားတဲ့ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့ ကိုက်ညီအောင် ကိုယ်တိုင်ကြိုးစား လုပ်ဆောင်သွားကြရမှာ ဖြစ်တယ်။ အထူးသဖြင့် ခေါင်းဆောင်လုပ်သူဟာ လက်အောက်ငယ်သားတွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ကို စနစ်တကျစုစည်းပြီး ပေးအပ်လာတဲ့ ရည်မှန်းချက်တာဝန်တွေကို အောင်မြင်အောင် ထမ်းဆောင်ကြရမှာ ဖြစ်တာကြောင့် ရဲဘော်တို့ အနေနဲ့ မိမိခေါင်းဆောင်ရတဲ့အဖွဲ့အစည်းကို အမြဲစည်းလုံး ညီညွတ်မှုရှိနေအောင် ဆောင်ရွက်ကြရမှာ ဖြစ်တယ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ စိတ်နေသဘောထား၊ လုပ်ဆောင်နိုင်စွမ်းများနဲ့ အားနည်းချက်/အားသာချက်များကို သိရှိအောင်လေ့လာပြီး လူမှန်/နေရာမှန် တာဝန်ပေးအပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမှာဖြစ်သလို လက်အောက်ငယ်သားတွေကို ကျောသားရင်သား မခွဲခြားဘဲ ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမှာလည်းဖြစ်တယ်။ ဒ့ါအပြင် လက်အောက်ကို မှန်ကန်တဲ့ ခေါင်းဆောင်မှုပေးနိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ တည်ကြည်ရိုးသားမှုနဲ့ ဖြောင့်မတ်မှန်ကန်တဲ့ ကိုယ်ကျင့်တရားရှိဖို့လည်း လိုအပ်တယ်။

**မည်သည့်လုပ်ငန်းတာဝန်မဆို ရိုးသားတဲ့ စိတ်ကိုအခြေခံပြီး မှန်ကန်စွာ လုပ်ဆောင်မှသာ အောင်မြင်မှုရရှိနိုင်မှာဖြစ်တယ်။** မရိုးဖြောင့်တဲ့ စိတ်နဲ့လုပ်တဲ့ လုပ်ငန်းတိုင်းဟာ အောင်မြင်မှုမရနိုင်တဲ့အပြင် ရှက်ဖွယ်ကောင်းတဲ့ လုပ်ရပ်များသာ ဖြစ်ပြီး ရဲဘော်တို့ရဲ့ ခေါင်းဆောင်မှုကိုလည်း ကျဆင်းစေမှာဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ နိုင်ငံတော်အပေါ်၊ တပ်မတော်၊ တပ်ရင်း/တပ်ဖွဲ့နဲ့ လုပ်ဖော်ကိုင်ဖက်တွေအပေါ်မှာ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲအကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထူးချွန်ဆုရသူများအနေဖြင့် သင်တန်းတက်ရောက်ရသည့် လေးနှစ်တာကာလတစ်လျှောက်လုံး စာပေကဏ္ဍ၊ လေ့ကျင့်ရေးကဏ္ဍတို့တွင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ခဲ့မှု၊ စည်းကမ်းကောင်းမွန်မှုတို့ကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြခြင်းဖြစ်သဖြင့် ချီးကျူးအသိအမှတ်ပြုကြောင်းနှင့် မိဘဆွေမျိုးများနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံးတွင်လည်း စဉ်ဆက်မပြတ်သည့် ကြိုးစားအားထုတ်မှုများဖြင့် မိမိတို့ဘဝ တိုးတက်မှုရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုကဲ့သို့ ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ငယ်စဉ်ကတည်းက ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများ၏ ကျေးဇူးများ၊ အသိပညာများရရှိစေရေး သင်ကြားပေးခဲ့သည့် ဆရာ ဆရာမများ၏ ကျေးဇူးများကို သိတတ်ရန်နှင့် ကျေးဇူးဆပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ ဗိုလ်လောင်းသင်တန်း လေးနှစ်တာကာလအတွင်း တပ်မတော်၏ ခေါင်းဆောင်ငယ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးခဲ့သည့် တပ်မတော်နှင့် အမိစစ်တက္ကသိုလ်၏ ကျေးဇူးကိုလည်း မမေ့ရန် လိုကြောင်း၊ မိဘများ၏စကားကို နားထောင်ခြင်း၊ မိဘကို စိတ်ချမ်းသာအောင်ထားရှိခြင်း၊ မိမိတတ်နိုင်သရွေ့ ကျွေးမွေးစောင့်ရှောက်ခြင်းတို့သည် မိဘကျေးဇူးကို ဆပ်ခြင်းပင်ဖြစ်သကဲ့သို့ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်း၊ စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။

### နိုင်ငံတော်နှင့်တပ်မတော်က အားထားရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်း

တပ်မတော်၌ တာဝန်ထမ်းဆောင်စဉ် ဆက်လက်တက်ရောက်ရမည့် သင်တန်းအဆင့်ဆင့်၌လည်း အမှန်တကယ်တတ်မြောက်အောင် သင်ယူအားထုတ်၍ ဘဝတက်လမ်းတစ်လျှောက် အထောက်အပံ့ကောင်းများရရှိအောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာများ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့်အတွက် မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်ဖတ်မှတ်လေ့လာခြင်းဖြင့် ဆက်လက်ဆည်းပူးလေ့လာပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရပြီး လက်အောက်က အားကိုးရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း။

မိမိတို့အတွက် အကျိုးမဖြစ်စေမည့် အသောက်အစား၊ အပျော်အပါးများကိုလည်း မိမိကိုယ်တိုင် ရှောင်ကြဉ်ကြရန်လိုသကဲ့သို့ မိမိလက်အောက် ငယ်သားများကို ထိန်းသိမ်းကြရန်လိုကြောင်း၊ မိမိကိုယ်ကို တန်ဖိုးထားရန်၊ မိမိလက်အောက်ကို တန်ဖိုးထားရန် နှင့် မဖြစ်သင့်မဖြစ်ထိုက်သည်များကို မဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိကိုယ်ကို၊ မိမိအဖွဲ့အစည်းနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ ပေးအပ်သည့် တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

*စာမျက်နှာ ၄ မှ*

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံရဲ့ **ဖွံ့ဖြိုးတိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ဟာ အဲဒီနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုနဲ့လည်း အများကြီးသက်ဆိုင်တယ်။** အလားတူပဲ အဖွဲ့အစည်းတစ်ခုရဲ့ အောင်မြင်မှု၊ ကျရှုံးမှုတို့ဟာလည်း အဲဒီအဖွဲ့အစည်းအတွင်းမှာ ပါဝင်ဆောင်ရွက်နေသူတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းကမ်းလိုက်နာမှုအပေါ်မှာ များစွာမူတည်နေတာ တွေ့ရတယ်။ ဒို့တပ်မတော်အနေနဲ့လည်း ယနေ့အချိန်အထိ မယိမ်းမယိုင် ရပ်တည်နိုင်ခြင်းဟာ ခေတ်အဆက်ဆက် တပ်မတော်သားတွေရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်း ထိန်းသိမ်းကြရမယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာကြဖို့ လိုအပ်တယ်။

**စည်းကမ်းဆိုရာမှာ အကြမ်းဖျင်းအားဖြင့် တိုက်တွန်းချက် စည်းကမ်း၊ တားမြစ်ချက် စည်းကမ်းဆိုပြီး နှစ်မျိုးရှိတယ်။** တိုက်တွန်းချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကိုလုပ်ကြဖို့ တိုက်တွန်းထားတဲ့ စည်းကမ်းတွေဖြစ်ပြီး တားမြစ်ချက် စည်းကမ်းဆိုတာကတော့ ရဲဘော်တို့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာကို မလုပ်ကြဖို့ တားမြစ်ထားတဲ့ စည်းကမ်းတွေပဲဖြစ်တယ်။ အထူးသဖြင့် ဒို့တပ်မတော်မှာ ပြဋ္ဌာန်းထားတဲ့ စစ်သည်တော်ကျင့်ဝတ် (၆၀) ပါးဟာ ရဲဘော်တို့ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာကို တိုက်တွန်းထားတဲ့ စည်းကမ်းချက်တွေဖြစ်လို့ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာလိုက်နာသွားကြရမှာဖြစ်တယ်။ တပ်မတော်အက်ဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ပြစ်မှု ၄၁ မျိုးနဲ့သက်ဆိုင်တဲ့ ပုဒ်မတွေကတော့ မလုပ်ဆောင်သင့် မလုပ်ဆောင်ထိုက်တာတွေကို တားမြစ်ထားတဲ့ စည်းကမ်းတွေဖြစ်တာကြောင့် ရဲဘော်တို့အနေနဲ့ အထူးရှောင်ကြဉ်သွားကြရမှာ ဖြစ်တယ်။ ဒါ့အပြင် တပ်မတော်သားတွေဖြစ်တဲ့ ရဲဘော်တို့ဟာ တပ်မတော်က ချမှတ်ပြဋ္ဌာန်းထားတဲ့ စစ်မြေပြင်စည်းကမ်းတွေ၊ လုပ်ငန်းခွင်စည်းကမ်းတွေကို လေးစားလိုက်နာကြရမှာဖြစ်သလို နယ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေတွေကိုလည်း လေးစားလိုက်နာသွားကြဖို့ အလေးထားမှာကြားလိုတယ်။

**ရဲဘော်တို့**

လေ့ကျင့်ရေးဆိုတာ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုတဲ့ တပ်မတော်ရဲ့လုပ်ငန်းစဉ်သုံးရပ်မှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်လျက်ရှိသလို ဒို့တပ်မတော်ရဲ့ မြေသုံးမြေနဲ့ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ်မှာလည်း ပထမဆုံးအချက်အနေနဲ့ ဦးစားပေး ထည့်သွင်းဖော်ပြထားတာကို တွေ့ရှိရမှာပဲ ဖြစ်တယ်။ ရဲဘော်တို့ နေ့စဉ်လုပ်ဆောင်နေရတဲ့၊ လုပ်ဆောင်ဖို့ စည်းကမ်းနဲ့အညီ သတ်မှတ်ထားတဲ့ သမားစဉ်လုပ်ငန်းများကို လိုက်ပါ၊ လိုက်နာလုပ်ဆောင်ခြင်းဟာ တစ်နည်းတစ်ဖုံအားဖြင့် လေ့ကျင့်နေခြင်းပဲဖြစ်တယ်။ တစ်နည်းအားဖြင့် ပြောရရင်ဒို့တပ်မတော်ရဲ့ အရေးကြီးဆုံးလုပ်ငန်းဟာ လေ့ကျင့်ရေးပဲဖြစ်တယ်။ ရဲဘော်တို့အနေနဲ့ မိမိတို့ တစ်ဦးချင်းရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေ တိုးတက်စေဖို့သာမက မိမိကွပ်ကဲအုပ်ချုပ်ရတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းတွေကိုပါ တိုးတက်နေစေဖို့အတွက် လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမှာပဲဖြစ်တယ်။

မိမိကို ပေးအပ်လာတဲ့တာဝန်တွေ ကျေပွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် ကျန်းမာကြံ့ခိုင်နေဖို့လည်း လိုအပ်တယ်။ ဒါကြောင့် နေ့စဉ်ပုံမှန်လုပ်ဆောင်ရမယ့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်ဆောင်ကြဖို့လိုသလို ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်တဲ့ အရက်၊ ဆေးလိပ်နဲ့ ကွမ်း သုံးစွဲခြင်းတွေကို ရှောင်ရှားကြဖို့ တိုက်တွန်း မှာကြားလိုတယ်။

**ရဲဘော်တို့**

မျက်မှောက်ခေတ်ကာလရဲ့ တိုးတက်လာတဲ့ နည်းပညာနဲ့ ခေတ်မီစစ်လက်နက်ပစ္စည်းတွေဟာ စစ်မှုရေးရာတွေကို ပြောင်းလဲလာစေပြီး ပထဝီဝင်ကန့်သတ်ချက်တွေကိုပါ ကျော်လွန်လုပ်ဆောင်နိုင်နေပြီဖြစ်တယ်။ ယခင်က လူ/လက်နက်အင်အားနဲ့ သမားရိုးကျ စစ်နည်းဗျူဟာစတာတွေကို အခြေခံခဲ့တဲ့ စစ်မြေပြင်ကနေ ယနေ့ခေတ်မှာတော့ **ဒရုန်းကဲ့သို့ နည်းပညာမြင့် စစ်လက်နက်ပစ္စည်းများ လွှမ်းမိုးလာတဲ့အပြင် ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာ၊ အာကာသနဲ့ သတင်းအချက်အလက်ကဲ့သို့ စစ်ဆင်မှုနယ်ပယ်များ ပိုမိုကျယ်ပြန့်လာ**တာကိုလည်း တွေ့ရှိရတယ်။ တစ်နည်းအားဖြင့် လေကြောင်းအကဲသာမှု၊ အီလက်ထရောနစ်နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှုနဲ့ ထိရောက်တိကျမှုတို့ဟာ စစ်ပွဲရဲ့ အနိုင်အရှုံးကို အဓိကအဆုံးအဖြတ်ပေးလျက်ရှိတယ်။ နည်းပညာတိုးတက်လာမှုနဲ့အတူ ပြောင်းလဲကျင့်သုံးလာတဲ့ စစ်နည်းဗျူဟာတွေနဲ့ စစ်လက်နက်ပစ္စည်းတွေကို နားလည်တတ်ကျွမ်းပြီး ကျွမ်းကျင်စွာ အသုံးချနိုင်ဖို့ ပညာရည်မြင့်မားနေဖို့လိုတယ်။

**ခေတ်မီတပ်မတော်တည်ဆောက်ရာမှာ ပညာရည်မြင့်မားရေးဟာ လွန်စွာအရေးကြီး**တာကြောင့် တပ်မတော်အနေနဲ့ အရာရှိ၊ စစ်သည်အားလုံးရဲ့ ပညာရည်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိတယ်။

တစ်ဖက်မှာလည်း ရဲဘော်တို့အနေနဲ့ သင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေကို လက်တွေ့ဘဝနဲ့ ပေါင်းစပ်ပြီး မိမိကိုယ်ကို အမြဲတိုးတက်နေအောင် လုပ်ဆောင်နေကြရမယ်။ ဗဟုသုတရရှိမယ့် စာပေတွေကို ဖတ်ရှုပြီး အသိဉာဏ်ပညာတွေ ကြွယ်ဝလာအောင် ကြိုးပမ်းအားထုတ်နေဖို့ လိုအပ်တယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမယ့် အသိပညာနဲ့ အတွေးအမြင်ဆိုင်ရာ စာပေတွေကိုလည်း လေ့လာဖတ်ရှုသွားရမှာ ဖြစ်တယ်။

**အတတ်ပညာက လူတော်ဖြစ်စေနိုင်ပြီး အသိပညာက လူကောင်းဖြစ်စေနိုင်**တာကြောင့် လူတော်လူကောင်းများဖြစ်လာစေဖို့ အတတ်ပညာရော အသိပညာများပါ ကြွယ်ဝလာစေရန် ကြိုးစားလုပ်ဆောင်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

တပ်မတော်ရဲ့ အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ဒီတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ဆိုရင် ရဲဘော်တို့မှာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေဖို့ လိုအပ်တယ်။ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံနေမှသာလျှင် ပေးအပ်တဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နိုင်မှာဖြစ်တယ်။ စွမ်းရည်သုံးရပ်လုံးဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်နေပြီး အုပ်ချုပ်ရေးစွမ်းရည် ကောင်းမွန်လာတာနဲ့အမျှ စစ်ရေးစွမ်းရည်တိုးတက်လာနိုင်သလို စည်းရုံးရေးစွမ်းရည်ကိုလည်း ပိုမိုကောင်းမွန်လာစေမှာ ဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့အနေနဲ့ စစ်တက္ကသိုလ်က သင်ကြားပေးလိုက်တဲ့ စာပေပညာ၊ စစ်ပညာတွေကို အခြေခံပြီး စွမ်းရည်သုံးရပ်နဲ့ပြည့်စုံတဲ့ အရာရှိကောင်းတွေဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းမှာကြားလိုတယ်။

**ရဲဘော်တို့**

၂၀၂၀ **ပြည့်နှစ် ရွေးကောက်ပွဲမှာ ဆိုးရွားစွာ ပြုလုပ်ခဲ့တဲ့ မဲမသမာမှုတွေကြောင့် တပ်မတော်က အမျိုးသားနိုင်ငံရေး တာဝန်တွေကို ထမ်းဆောင်ခဲ့ရ**ချိန်မှာ အကြမ်းဖက် NUG၊ CRPH အဖွဲ့တွေက တပ်မတော်အနေနဲ့ ဒီမိုကရေစီ နောက်ပြန်ဆွဲ လုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်၊ လူရွယ်တွေကို လွဲမှားတဲ့ မျှော်လင့်ချက်တွေနဲ့အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီ တွန်းပို့ခဲ့ကြတယ်။ **လက်နက်ကိုင်လမ်းစဉ်တွေကြောင့် မျှော်မှန်းတည်ဆောက်နေတဲ့ ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ရ**တယ်။ ဒီလို လက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းတဲ့ ကြိုးပမ်းမှုဟာ နှစ်ပေါင်း ၇၀ ကျော်ကြာတဲ့ အထိ မည်သည့်ရလဒ်မျှ မထွက်ခဲ့တာကို သင်ခန်းစာယူဖို့လိုသလို ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းဟာ လက်နက်ကိုင်လမ်းစဉ်ကြောင့် ဖြစ်တယ်ဆိုတာ အမှန်တိုင်းရှုမြင်ဖို့ အချိန်ကျနေပြီဖြစ်တယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်တူကြရင် **ပြည်ထောင်စုအကျိုးကို ရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာဖို့ နိုင်ငံတော်က ကြိုဆိုဖိတ်ခေါ်**ထားပြီးဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုတယ်။

တစ်ဖက်မှာလည်း ဒီနိုင်ငံရေးဖြစ်စဉ်အကြောင်းတရားတွေကို လက်ညှိုးထိုးပြီး NCA မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ဟာ ရှိထားပြီးသား ကတိကဝတ်တွေကို ချိုးဖောက်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို သွေဖည်မှုပြုလုပ်ခဲ့ကြတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် အခြေခံပြီး တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ ၆ ချက်ကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ငြိမ်းချမ်းရေးဆိုတာ တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှသာ ရရှိနိုင်မှာဖြစ်လို့ **ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါဖြစ်ချင်တာတွေကို ပြောဆိုနေမယ့်အစား ဖြစ်သင့်တာတွေကိုပြောဆိုပြီး ဖြစ်နိုင်တာတွေကိုညီညီညွတ်ညွတ် ပူးပေါင်းလုပ်ဆောင်သွားကြရမှာဖြစ်**တယ်။ လက်တွေ့ကျပြီး အောင်မြင်နိုင်မှာတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူလူထုရဲ့ ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၃၉ မှာ **"နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"** လို့ ပြဋ္ဌာန်းထားတယ်။ ဒို့နိုင်ငံရဲ့ ကာကွယ်ရေးရည်မှန်းချက် တာဝန်ထဲမှာလည်း **"နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကို အခြေခံ၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ် ကြိုးပမ်းဖော်ဆောင်ရန်"** လို့ ဖော်ပြပါရှိတယ်။ လက်ရှိ ပထဝီနိုင်ငံရေး အခြေအနေနဲ့ ဖြစ်ပျက်နေတဲ့ နိုင်ငံတကာအခြေအနေတွေအပေါ် မူတည်ပြီး ဒို့နိုင်ငံအပါအဝင် နိုင်ငံငယ်တွေရဲ့ ကာကွယ်ရေး၊ လုံခြုံရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟာ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ အင်အားစုများနဲ့ တည်ဆောက်သွားမှသာ ခိုင်မာမှုရှိမှာ ဖြစ်တယ်။ **ဒို့နိုင်ငံရဲ့ ကာကွယ်ရေး မဟာဗျူဟာအနေနဲ့ ပြည်သူများပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ကျင့်သုံးနေတာကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအပေါ် ထိပါးနှောင့်ယှက်လာတဲ့ ရန်စွယ်မှန်သမျှ တပ်မတော်ကို မဏ္ဍိုင်ပြုထားတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအားတွေနဲ့ တွန်းလှန်ချေမှုန်းသွားကြရမှာက နိုင်ငံသားတိုင်းရဲ့ မွေးရာပါ သမိုင်းပေးတာဝန်ပဲဖြစ်**ကြောင်း လေးလေးနက်နက် ပြောကြားလိုတယ်။

**ရဲဘော်တို့**

မကြာမီရက်ပိုင်းအတွင်းမှာပဲ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်တယ်။ ရွေးကောက်ပွဲကျင်းပရာမှာ နိုင်ငံရေးပါတီများ တရားမျှတစွာ ပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်တယ်။ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကိုလည်း နိုင်ငံတော်ကနေ အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးလျက်ရှိတယ်။

ယခုကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ ဥပဒေနဲ့အညီ မဲပေးခွင့်မရှိသူများမှအပ ကျန်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာ ဆန္ဒမဲပေးကြရမှာ ဖြစ်တယ်။ မိမိတို့ **ရွေးချယ်မယ့် ရွေးကောက်ခံကိုယ်စားလှယ်များဟာ နိုင်ငံရဲ့အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူနဲ့ နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မယ့်သူတွေဖြစ်ဖို့** လိုအပ်တယ်။ ပါတီစုံဒီမိုကရေစီဖြစ်တာနဲ့အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေနဲ့ တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ကြဖို့ အသိပေးပြောကြားလိုတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပွင့်လင်းပြီး တရားမျှတတဲ့ရွေးကောက်ပွဲ၊ သိက္ခာရှိတဲ့ ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဘက်ပေါင်းစုံက ကြိုးပမ်းလုပ်ဆောင်နေချိန်မှာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့က ရွေးကောက်ပွဲကို အဟန့်အတားဖြစ်စေရေး နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေကြတာကို သတိပြုကြရမှာဖြစ်တယ်။ ရွေးကောက်ပွဲမှာ **ပြည်သူ့ဆန္ဒမဲနဲ့ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ် ဖြစ်ပေါ်လာခဲ့ရင် လက်ရှိနိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖျက်အမှောင့် အကြမ်းဖက်သမားတွေအနေနဲ့ သူတို့ရှေ့ဆက်ရပ်တည်ဖို့ ခက်ခဲလာနိုင်တာကြောင့် ရွေးကောက်ပွဲကို အနှောင့်အယှက်ဖြစ်အောင် အခုလို လုပ်ဆောင်နေကြခြင်းဖြစ်**တယ်။ ဒါကြောင့် အဲဒီ အဖျက်အမှောင့်သမားတွေရဲ့ လုပ်ဆောင်ချက်တွေကို တားဆီးကာကွယ်ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ရဲဘော်တို့အနေနဲ့ ပြည်သူလူထုနဲ့ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးကနေ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့

- တာဝန်ကျရာ တပ်အသီးသီးမှာ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ရင်း **"သစ္စာ၊ သူရ၊ သိပ္ပ"** အရာမှာ စံတင်ဂုဏ်ပြုထိုက်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- ရဲဘော်တို့အနေနဲ့ ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲ အကျပ်အတည်းနဲ့ ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်းမှာ မှတ်ကျောက်အတင်ခံနိုင်တဲ့ ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ။
- **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** ဆိုတဲ့ အတိုင်း စည်းကမ်းနဲ့ဥပဒေကို လေးစားလိုက်နာတတ်တဲ့ တပ်မတော်သားကောင်းများဖြစ်အောင် ကြိုးစားနေထိုင်ကြပါ။
- ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရှိအောင် တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေမှန်တွေကို တိုင်းရင်းသားပြည်သူအားလုံး သိမြင်လာအောင် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး ဆောင်ရွက်ထားရှိမှုအား လိုက်လံကြည့်ရှုစစ်ဆေး

## ပြင်ဦးလွင်ဒေသ သောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ဆင်လမ်း(၂)ရေလှောင်တမံ စီမံကိန်းနှင့် ပင်တီးရေလှောင်တမံစီမံကိန်းတို့အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်အရ ပြင်ဦးလွင်မြို့၌ သောက်သုံးရေပိုမိုလုံလောက်စွာရရှိရေး ဆင်လမ်းတမံရေပိုလွှဲအား နှစ်ပေမြှင့်တင်ခြင်းဆောင်ရွက်ခဲ့မှု၊ စည်သာရေလှောင်တမံရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့အတွက် ဆင်လမ်း (၂) ရေလှောင်တမံတည်ဆောက်ခြင်း၊ ပွဲကောက်ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ပင်တီးရေလှောင်တမံတည်ဆောက်ခြင်း စသည့်စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် ဆင်လမ်း(၂)ရေလှောင်တမံနှင့် ပင်တီးရေလှောင်တမံတည်ဆောက်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆင်လမ်း(၂) ရေလှောင်တမံစီမံကိန်းသည် ဆင်ဖြူအင်းကျေးရွာအနီး ဆင်ဖြူချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧကပေ ၁၂၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကာ ဆင်ဖြူချောင်းမှရေများကို တမံအောက်ဘက်ရှိ ယင်းသာမ ရေလွှဲဆည်မှတစ်ဆင့် ရတနာပုံမြို့သစ်သို့ Gravity Flow System ဖြင့် သောက်သုံးရေပေးဝေနိုင်ခြင်း၊ ရပ်ကွက်ကြီး(၉/၁၆/၁၇/၁၈)များသို့ သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ခြင်းတို့အပြင် ချောင်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ပျိုးမြေဧရိယာများအတွက် စိုက်ပျိုးရေကူဖြည့်တင်းပေးနိုင်မည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း၊ ပင်တီးရေလှောင်တမံတည်ဆောက်ခြင်းစီမံကိန်းသည် ပင်တီးကျေးရွာအနီး သဖြိုက်ချောင်းနေရာ၌ဖြစ်ပြီး စီမံကိန်းတည်ဆောက်ပြီးစီးပါက ခန့်မှန်းရေလှောင်ပမာဏ ဧကပေ ၄၀၀၀ ကို သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ သိုလှောင်ရေများအား Gravity Flow System ဖြင့် သဖြိုက်ချောင်း ဘေးဝဲယာ စိုက်ပျိုးမြေဧရိယာ ၁၀၁၅ ဧကများသို့ ရေလွှဲဆည်ခုနစ်ခုမှတစ်ဆင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့ပြရပ်ကွက်ကြီး (၁၀/၁၁/၁၂)များသို့လည်း ရေတင်စနစ်ဖြင့် သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်မည့် အကျိုးကျေးဇူးများစွာကို ရရှိလာစေမည်ဖြစ်ကြောင်း၊ အဆိုပါ ရေလှောင်တမံစီမံကိန်းနှစ်ခု တည်ဆောက်ပြီးစီးပါက ပြင်ဦးလွင်မြို့ သောက်သုံးရေဖူလုံရေးကိုရရှိစေနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လူဦးရေအတွက်ပါ လုံလောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့၏ဂုဏ်ဒြပ်ဖြစ်သည့် ပန်းမြို့တော်၊ ကော်ဖီမြို့တော် စသည့် စီမံကိန်းများအတွက်လည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသအတွင်း ပိုမိုစိမ်းလန်းစိုပြည်လာမှုနှင့်အတူ ခရီးသွားလုပ်ငန်းများသည်လည်း များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရေလှောင်တမံများ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများနှင့် တွက်ချက်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယခုကဲ့သို့ ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲ နှစ်ပေမြှင့်တင်ခြင်းနှင့် စည်သာရေလှောင်တမံရေပိုလွှဲ သုံးပေမြှင့်တင်ခြင်းများကို ကာလတိုအတွင်း လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဒေသနှင့် ဒေသခံများ၏ လူမှုအကျိုးစီးပွားကို များစွာအထောက်အကူဖြစ်စေကြောင်း၊ ရေလှောင်တမံများ၏ ရေဝေရေလဲသတ်မှတ်ဧရိယာအကွာအဝေးအတွင်း သစ်တောသစ်ပင်များ ဖုံးလွှမ်းမှုရှိစေရေး၊ သီးနှံများစိုက်ပျိုးမှု မရှိစေရေးတို့အတွက်လည်း စဉ်ဆက်မပြတ် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ရေဖူလုံမှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံမှ ရပ်ကွက်ကြီး (၁၉) - နမ့်ကပ်ကျေးရွာ-အနီးစခန်း လမ်းကြောင်းအတိုင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပနေစေရေးအတွက် အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး စိစစ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံ ရေပိုလွှဲရောက်ရှိပြီး ရေပိုလွှဲ သုံးပေအမြင့် မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေလှောင်တမံနှင့် စည်သာရေကူ ရေလှောင်တမံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ၂၀၁၅ ခုနှစ်မှ ၂၀၂၀ အတွင်း ပြင်ဦးလွင်မြို့နယ်တွင် သစ်တောဖုံးလွှမ်းမှုလျော့ကျရခြင်းနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ RS & GIS နည်းပညာအသုံးပြု၍ Google Earth မြေပုံများ၊ Landsat ဂြိုဟ်တုဓာတ်ပုံများဖြင့် စိစစ်ခြင်းတို့အရ ခုနှစ်အလိုက် စိစစ်တွေ့ရှိမှုများ၊ သစ်တောဖုံးလွှမ်းမှုကျဆင်းသွားသည့်နေရာများအား သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများသို့ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုကောင်းမွန်သည့်နေရာများအား ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်းတို့ကို အလေးထားဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ မြေလွတ်မြေရိုင်းဧရိယာနေရာများအား ကွင်းဆင်းစစ်ဆေး၍ သစ်တောဖုံးလွှမ်းမှုကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပြင်ဦးလွင်မြို့တော်အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထင်းရှူးပင်များကိုလည်း မျက်စိပသာဒဖြစ်စေရေးနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူဖြစ်စေရေး စိုက်ပျိုးသွားရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက မဖြစ်မနေ ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် သဘာဝပတ်ဝန်းကျင်ညီညွတ်မျှတမှုကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး ရေအရင်းအမြစ်များကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့၏ အေးမြသည့် သဘာဝကိုထိန်းသိမ်းနိုင်ရေး မြို့၏မြောက်ဘက်၊ အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့တွင် သစ်ပင်သစ်တောများ စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ ရွက်ပိတ်တောများ၊ ရွက်အုပ်တောများအတွင်း၌လည်း သစ်တောပညာရပ်များအရ လိုအပ်သည့်

စာမျက်နှာ ၇ သို့

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြင်ဦးလွင် တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများ နှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများ၊ တစ်ခန်းရပ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ပြဇာတ်များဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေကြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

*စာမျက်နှာ ၆ မှ*

ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

မြို့နေလူဦးရေတိုးပွားလာသည်နှင့်အမျှ သောက်သုံးရေနှင့် စိုက်ပျိုးရေ လိုအပ်ချက်များသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ၏ သုံးရေများအတွက်ကိုလည်း ထည့်သွင်းစဉ်းစားထားရှိရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေးအတွက် ရေလှောင်တမံများ အဆင့်မြှင့်တင်ခြင်း၊ သစ်တောသစ်ပင်ဖုံးလွှမ်းမှု ဖော်ဆောင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ကို စံပြအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ မြစ်ချောင်းအင်းအိုင်များ၊ ရေအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိရှိ ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိမ်းလန်းစိုပြည်မှုကို မဖြစ်မနေဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ယခုဖော်ဆောင်နေသည့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၏ အကျိုးရလဒ်များကို နောင်အနာဂတ်ပြည်သူလူထုက ခံစားရမည်ဖြစ်သဖြင့် စနစ်တကျဖြင့် အကျိုးရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စည်သာရေကူရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် သိုလှောင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဆင်လမ်းတမံရေပိုလွှဲနှင့် စည်သာရေလှောင်တမံရေပိုလွှဲအား နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်လမ်းတမံရေပိုလွှဲအား နှစ်ပေ မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်က ကန်ရေပြည့်ရေလှောင်ပမာဏ ၆၈၄၆ ပေရှိခဲ့ရာမှ ယခုအခါ ယခင်ကထက် ရေလှောင်ပမာဏ ၄၁၂ ဧကပေ၊ ရေဂါလန် ၁၁၂ သန်း ပိုမိုသိုလှောင်နိုင်ပြီး အချင်း ၁၈ လက်မရှိ သံမဏိရေထုတ်ပြွန်မှတစ်ဆင့်ပြင်ဦးလွင်မြို့ရှိ လူဦးရေ၁၅၀၀၀ ခန့်ကိုတိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ စည်သာရေလှောင်တမံရေပိုလွှဲအား သုံးပေ မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုကြောင့် ယခင် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၃၇၀ ရှိခဲ့ရာမှ ယခုအခါ ယခင်ကထက် ရေလှောင်ပမာဏ ၂၆၇ ဧကပေ၊ ရေဂါလန် ၇၂ သန်းခန့် ပိုမိုသိုလှောင်နိုင်မှုကြောင့် လူဦးရေ ၁၀၀၀၀ ခန့်ကို တိုးချဲ့ရေပေးဝေနိုင်သဖြင့် ပြင်ဦးလွင်ဒေသ ရေလုံလောက်စွာရရှိရေးအတွက် များစွာအကျိုးကျေးဇူးပြုနိုင်မည်ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အနီးစခန်းလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်ရှင်းလင်းဆောင်ခန်းမတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက လေဆိပ်လေယာဉ်ရပ်နားရန် နေရာသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျတွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းသည် ရှမ်းပြည်နယ်အတွင်းသို့ လာရောက်သည့် ခရီးသွားပြည်သူများအား အဓိကပို့ဆောင်ပေးသည့် နေရာဖြစ်စေရေးနှင့် ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့တော်ဖြစ်သည့်အတွက် လာရောက်လည်ပတ်သူများအဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ဒေသထွက်ပစ္စည်းများ၊ အသီးအနှံများအား အခြားဒေသများသို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဖြန့်ဝေပို့ဆောင်ပေးနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေဆိပ်အား အဆင့်မြှင့်တင်ပေးခြင်းနှင့်အတူ ပြင်ဦးလွင်မြို့ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကားလမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ လူသွားပလက်ဖောင်းများကိုလည်း အဆင့်မီစွာဖြင့် ထည့်သွင်းဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိ ခန့်အပ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၇) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၂၄

ရက်

သာ လိုတော့သည်။

**မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ**

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၃

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဥက္ကဋ္ဌဦးသိန်းဟန်သူ၊ တပ်မတော်မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် "Fostering Disability inclusive societies for advancing social progress" "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး" ဆောင်ပုဒ်အား ယခုနှစ်အတွက် သတ်မှတ်ထားပါကြောင်း၊ မသန်စွမ်းသူများ၏ အရည်အသွေးကိုရယူပြီး နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်အတွက် အသုံးပြုနိုင်ပါက ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ပညာရေးကဏ္ဍကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့အား နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်း အစီအစဉ်များကို နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့များတွင် အကောင်အထည်ဖော် ဆောင်ရွက်ထားပြီးဖြစ်၍ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်သည့် အရေးကိစ္စများမှာ လူ့အသိုက်အဝန်းတစ်ခုလုံးနှင့်သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသည့် ရှုထောင့်သစ်၊ အမြင်သစ်ဖြင့် နားလည်လက်ခံပေးရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယိုဂူတာရက်စ်၏ သတင်းစကားရုပ်သံနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။ ယင်းနောက် နားမကြားသောကလေးများကျောင်း (ရန်ကုန်) မှ ကျောင်းသား၊ ကျောင်းသူများက ဗုံကြီးသံ(ယိမ်း)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသူလေးက မှုံရွှေရည်(အက)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းသားများက အနာဂတ်လမ်း (အဆို) ဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းတို့က အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲ ဆုရရှိသူများကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ ကပြဖျော်ဖြေကြသည့် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ခေတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူပြီးစီးမှုနှင့် ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ပြီးစီးမှု၊ ဝန်ကြီးဌာနနှင့် UNFPA တို့အကြား နှစ်ဖက် သဘောတူထားသည့် လုပ်ငန်းစီမံကိန်းပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (MoU) ရေးထိုး ဆောင်ရွက်နိုင်ရေး အခြေအနေ၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်မည့် လုပ်ငန်းများကိုသာ လျာထား ဆောင်ရွက်နိုင်ရေး အခြေအနေ၊ UNFPA ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေစေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးမှု၊ UNFPA ၏ နိုင်ငံခြားသား ဝန်ထမ်းများနှင့် ဒေသခန့်ဝန်ထမ်းများ စာရင်းအား ဝန်ကြီးဌာနသို့ ပြုစုပေးပို့ထားရန်လိုအပ်မှုနှင့် ယင်းသို့ ဆောင်ရွက်ထားမှသာ လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုများနှင့် အထွေထွေရွေးကောက်ပွဲကျင်းပဆောင်ရွက်မည့် အခြေအနေ၊ UNFPA အနေဖြင့် ဝန်ကြီးဌာနနှင့် နီးကပ်စွာ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေးခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရ သည်။

(ဝဲပုံ)

**နောင်နောင် (မိဿနိုးမြေ)**

၀-၀-၀-၀-၀-၀-၀



## ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မဲရုံများအဖြစ် ဆောင်ရွက်မည့် နေရာများတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် မီးသတ်ဦးစီးဌာနမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများအဖြစ် ဆောင်ရွက်မည့်နေရာများတွင် မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေး အတွက် ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးကျော်စွာမင်း ဦးဆောင်၍ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္တေ မီးသတ် လေးဦး၊ အရန် မီးသတ် ဒုတိယတပ်ရင်းမှူးဦးဝင်းမောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသန့်နှင့် ရာအိမ်မှူးများ ပူးပေါင်းကာ ကံသာယာရပ်ကွက်အတွင်း မဲရုံပတ်ဝန်းကျင်ရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာ ထားရှိစေရေး၊ မီးငြိမ်းသတ်ရေး စနစ်များ တပ်ဆင်ထားရှိမှုများအား စစ်ဆေးအကြံပေးခြင်း၊ မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အလင်းသစ် (ချမ်း/စည် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူ

**မူဆယ် ဒီဇင်ဘာ ၃**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်က ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ ပိတောက်လမ်းနေ စိုင်းလျန်းဟန်(၂၅)နှစ်၏နေအိမ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်များ တရားမဝင် ရောင်းချနေကြောင်း သတင်းအရ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်ရှေ့လမ်းပေါ်၌ တရားမဝင်ရောင်းချရန် ရပ်တန့်ထားသည့် MDY-8/6S--- FORD RANGER နှင့် MDY-12/3J--- NISSAN XTRAIL လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီးအား တွေ့ရှိရပြီး ၎င်းအား နေအိမ်အတွင်းမှ ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းလျန်းဟန်အား မူဆယ်မြို့မရဲစခန်းတွင်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မြို့မအိုးဘိုရပ်ကွက်ရှိ ဇရာဝတီတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မင်းဘူးမှ မကွေးဘက်သို့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျောင်းကြားရပ်ကွက်နေ စောနိုင်ဝင်း(၄၅)နှစ် မောင်းနှင်လာသည့် MDY-14/1P--- HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စောနိုင်ဝင်းအား မကွေးမြို့မရဲစခန်းတွင်လည်းကောင်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်ပညာရေးမှူးရုံး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို မီးသတ်ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးမင်းကျော်ဟိန်းနှင့်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက စစ်ဆေးဆောင်ရွက်ခဲ့စဉ်။ ကဆ

## မားဦးချွန် ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**ပျဉ်းမနား ဒီဇင်ဘာ ၃**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ဓားဦးချွန် ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁ ရက် နံနက် ၃ နာရီ မိနစ် ၂၀တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်အရှေ့ဘက်၌ ကျောက်ကျင်းရပ်ကွက်နေ ဇင်မင်းထွန်း(၂၆)နှစ် အား NEW ANBO WAVE-110 အနက်ရောင်ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ အရှိုး၊ အသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇင်မင်းထွန်းအား ရွာကောက်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အောက်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ဈမ်းသာ။

## ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဒိုက်ဦး ဒီဇင်ဘာ ၃**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက် နံနက် ၆ နာရီ မိနစ် ၂၀ ခန့်က ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၆၉ မိုင် ၂ ဖာလုံ၌ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဦးမျိုးဝင်းသန်း(၄၉)နှစ် မောင်းနှင်လာသော HIJET အဖြူရောင်မော်တော်ယာဉ်သည် ယာဉ်မောင်း အိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ခရေပင်အား ဝင်ရောက်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အုတ်ရှစ်ကုန်းနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၇ နာရီတွင် ပြီးစီးခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် HIJET အဖြူရောင်မော်တော်ယာဉ်၏ ရှေ့လေကာမှန်ကွဲ၊ ရှေ့ခေါင်းပိုင်းပိန်ချိုင့်၊ ရေတိုင်ကီကွဲ ပျက်စီးခဲ့ကြောင်း၊ ယာဉ်ပေါ်ပါ ယာဉ်မောင်းအပါအဝင် အမျိုးသား တစ်ဦး၊ အမျိုးသမီး လေးဦး၊ ကလေးငယ် တစ်ဦး စုစုပေါင်း ခြောက်ဦးအနက် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)၊ အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ် တစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ယာဉ်မောင်း မျိုးဝင်းသန်းအား အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀







○ စာမျက်နှာ ၂၄ မှ

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ နှစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံး၊ လေးထပ်အဆောက်အအုံနှစ်လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ငါးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၄၅ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၉၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၃၈၃ လုံးကို စစ်ဆေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရကြောင်း၊ အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးချမှုမရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အဆိုပါ တရားမဝင်အဆောက်အအုံများ အနက် ယနေ့တွင် ဟုံထု ၁၃ ထပ် အဆောက်အအုံတစ်လုံးကို စတင်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိမြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀ ၊ မိုဘိုင်းဖုန်းအလုံး ၂၁၈၇၀၊ starlink ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၁၁ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၃၆၀ တို့ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့်သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၉၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၈၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာ စစ်ဆေးပြီးအဆောက်အအုံ အကွက်ချမြေပုံ။



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံကို တွေ့ရစဉ်။


KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံ။

# မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် (၂၈)နှစ်မြောက် ကျောင်းမွေးနေ့အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (၂၈)နှစ်မြောက် ကျောင်းမွေးနေ့ အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားက ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားသည်။

သုတေသနစာတမ်းဖတ်ပွဲကို အပိုင်း နှစ်ပိုင်းဖြင့် ကျင်းပရာ သဘာပတိများအဖြစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များဖြစ်သည့် ဒေါက်တာကြည်ကြည်မိုးနှင့် ဒေါက်တာဝင်းပပမျိုးတို့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲ၌ တရုတ်ဘာသာဌာနမှ ပါမောက္ခဒေါက်တာ မောင်မောင်စိုးက တရုတ်ရိုးရာ မွေးနံ့တိရစ္ဆာန်များနှင့် လူ့သဘာဝများအကြောင်း လေ့လာခြင်းနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာထားထားဝေက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား မတူညီသောကန့်သတ်ချက်ဆိုင်ရာ ယဉ်ကျေးမှုများအကြောင်း လေ့လာခြင်းကိုလည်းကောင်း၊ အင်္ဂလိပ်ဘာသာဌာနမှ နည်းပြဒေါ်မြသွယ်သွယ်ဦးက An Analysis of Figurative Language in Nature Documentary "African Cats"၊ ဂျာမန်ဘာသာဌာနမှ နည်းပြဒေါ်ဖြိုးသန္တာဇော်က ဂျာမန်ဘာသာ အထူးပြုကျောင်းသား၊ ကျောင်းသူများ၏ Translation ဘာသာရပ်တွင် တွေ့ရှိရသော အမှားအယွင်းများကို လေ့လာခြင်းကိုလည်းကောင်း၊ ကိုရီးယားဘာသာဌာနမှ နည်းပြဒေါ်သန့်သဇင်ထက်က A Comparative Study on Honorific System in Korean and Myanmar Languages ၊ ရုရှားဘာသာဌာနမှ တွဲဖက်ပါမောက္ခ (ဌာနမှူး) ဒေါ်ယုယုမွန်က A Study of Some Russian Superstitions ၊ ကထိက ဒေါက်တာနှင်းသီတာက A Comparative Study of Challenges Encountered by Russian as a Foreign Language Teachers Across Different Cultural Contexts နှင့် နည်းပြဒေါ်အိမြတ်နိုးလှိုင်က A Study of Famous Russian Idioms concerned with "Dog" တို့ကိုလည်းကောင်း၊ မြန်မာဘာသာဌာနမှ နည်းပြဒေါ်ဇင်မာဝေက ငြိမ်းကျော်၏ နှလုံးသည်းပွတ် တို့မည်သည် ဘာသာပြန်၍မရနိုင်စကောင်း ဝတ္ထုရှည်မှ ဇာတ်ဆောင်စရိုက် လေ့လာချက်ကိုလည်းကောင်း ဖတ်ကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

ဝ-ဝ-ဝ-ဝ

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၅ ယူအီးအက်ဖ်အေ အမျိုးသမီး နေရှင်းလိဂ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်အသင်းဆွတ်ခူး




**လန်ဒန် ဒီဇင်ဘာ ၃**

၂၀၂၅ ယူအီးအက်ဖ်အေ အမျိုးသမီး နေရှင်းလိဂ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်အသင်းက ဆွတ်ခူးခဲ့သည်။

စပိန်အသင်းသည် ၂၀၂၅ ယူအီးအက်ဖ်အေ အမျိုးသမီး နေရှင်းလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဂျာမနီအသင်းအား နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းသည် ယူအီးအက်ဖ်အေ အမျိုးသမီးနေရှင်းလိဂ်ပြိုင်ပွဲ ချန်ပီယံဆုကို နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

စပိန်အသင်း၏ ထုတ်ပြန်ချက်တွင် "အခုလို ချန်ပီယံဆုကို ရယူနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန် ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)

(NGB)

## နည်းပြ ပီးယားဆက်အား စာချုပ်သက်တမ်းတိုးရန် လန်းစ်အသင်းစီစဉ်

**ပါရီ ဒီဇင်ဘာ ၃**

ပြင်သစ်လီဂူးကလပ် လန်းစ်အသင်းသည် အသင်းနည်းပြ ပီယားဆက်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

လန်းစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူး ပွဲစဉ် ၁၄ပွဲကစားအပြီးတွင် ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်- ၁ နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ကောင်းမွန်ခဲ့ခြင်းကြောင့် နည်းပြ ပီးယားဆက်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။ (ယာပုံ)



လန်းစ်အသင်းသည် ပြင်သစ်လီဂူးအမှတ်ပေးဇယား ထိပ်ဆုံး နေရာကိုလည်း ၂၁ နှစ်အတွင်း ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

လန်းစ်အသင်းသည် နည်းပြ ပီးယားဆက်နှင့် စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း ထပ်မံသက်တမ်းတိုးရန် စီစဉ်လာခဲ့ခြင်း ဖြစ်သည်။

နည်းပြ ပီးယားဆက် အနေဖြင့် လန်းစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးချန်ပီယံဆုကြီးကို ရယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

## ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ် မန်စီးတီးအသင်းမှ ထွက်ခွာမည်

**လန်ဒန် ဒီဇင်ဘာ ၃**

ဂိုးသမားဂျိမ်းစ်ထရက်ဖို့ဒ်သည် ဆောင်းရာသီဈေးကွက်အတွင်းတွင် မန်စီးတီးအသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်သည် မန်စီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ခြောက်ပွဲသာပါဝင်ကစားထားရသေးပြီး ပုံမှန်ပွဲထွက်ခွင့်နည်းပါးသည့်အပြင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ် အသင်းအနေဖြင့် မန်စီးတီး အသင်းမှ ထွက်ခွာမည်ဆိုသော ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)

0-0-0-0-0-0-0-0



## ပရီးမီးယားလိဂ် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားများအဖြစ် ဟာလန်း မှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၃**

မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းသည် အလန်းရှီးယားအား ကျော်ဖြတ်ပြီး ပရီးမီးယားလိဂ် သွင်းဂိုး ၁၀၀ အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းအား ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုး တစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် ပရီးမီးယားလိဂ် ပွဲပေါင်း ၁၁၁ပွဲကစားကာ ဂိုးပေါင်း ၁၀၀သွင်းယူနိုင်ခဲ့ခြင်းကြောင့် အလန်းရှီးယား၏ ၁၂၄ ပွဲစံချိန်အား ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဟာလန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းနှင့်အတူ စံချိန်များစွာ ပိုင်ဆိုင်နိုင်အောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (အောက်ပုံ)

(NGB)




## အိုင်ဆာဂိုဆေးလ်ဗား ချဲလ်ဆီးအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆို

**လန်ဒန် ဒီဇင်ဘာ ၃**

ချဲလ်ဆီးအသင်းသည် တီယာဂိုဆေးလ်ဗား၏ သားဖြစ်သူ လူငယ်နောက်ခံကစားသမား အိုင်ဆာဂိုဆေးလ်ဗားအား ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရခြင်းကြောင့် ချဲလ်ဆီးအသင်းက ပရော်ဖက်ရှင်နယ် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ အိုင်ဆာဂိုဆေးလ်ဗားက "ကျွန်တော် အခုလို ချဲလ်ဆီးအသင်းနဲ့ ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ချဲလ်ဆီးအသင်း အားကိုးရတဲ့ ကစားသမားတစ်ဦးဖြစ်အောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပြီးတော့ စီနီယာကစားသမားများဆီကနေလည်း အတွေ့အကြုံကောင်းတွေ အကောင်းဆုံးသင်ယူလေ့လာသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ)

(NGB)



## ဘောလုံးသတင်းအတိုအထွာများ

* ဂျူဗင်တပ်အသင်းသည် မန်ယူအသင်း ကွင်းလယ်ကစားသမား မိုင်နူးအား အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်း ကြယ်ပွင့်ကစားသမား ဆာဗင်ဟိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

(NGB)

## ဗလာဟိုဗစ် ကြွက်သားဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၃**

ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဗလာဟိုဗစ် ကြွက်သားဒဏ်ရာကြောင့် နှစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အီတလီစီးရီးအေပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းက ကက်ဂလီယာရီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဗလာဟိုဗစ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျူဗင်တပ်အသင်း အတွက်လည်း ကြီးမားသည့် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဗလာဟိုဗစ်သည် ဂျူဗင်တပ် အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၁၆၂ပွဲကစားကာ မှာ ၆၄ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (အောက်ပုံ) (NGB)



## တိုက်စစ်မှူးကွန်ညာ ဒဏ်ရာသက်သာလာခြင်းကြောင့် မန်ယူအသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်း

**လန်ဒန် ဒီဇင်ဘာ ၃**

မန်ယူအသင်းတိုက်စစ်မှူး ကွန်ညာသည် ဒဏ်ရာမှပြန်လည်သက်သာလာခြင်းကြောင့် အသင်းနှင့်အတူ လေ့ကျင့်ခန်းဆင်းလျက်ရှိပြီဖြစ်သည်။



အဆိုပါ တိုက်စစ်မှူးသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက သွားရောက်ကစားစဉ် ဒဏ်ရာရရှိခဲ့ကာ အနားယူနေရပြီး လက်ရှိအချိန်မှ ပြန်လည်သက်သာလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ကွန်ညာ ဒဏ်ရာမှ သက်သာလာခြင်းကြောင့် မန်ယူအသင်းအတွက် အားတက်စရာဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွန်ညာသည် မန်ယူအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ)

(NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၁၂-၂၀၂၅<br>နံနက် ၀၂:၃၀ နာရီ | **မန်ယူ** – ဝက်စ်ဟမ်း<br>(W,D,D,L,W) (L,W,W,D,L) | မန်ယူ ၀-၂ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၂-၁ မန်ယူ |

### အရှေ့တောင်အာရှ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၄-၁၂-၂၀၂၅<br>ညနေ ၆:၀၀နာရီ | A | ထိုင်း – အင်ဒိုနီးရှား |

### အာဆီယံကလပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၄-၁၂-၂၀၂၅<br>ညနေ ၆:၀၀နာရီ | B | ရှမ်းယူနိုက်တက် – နန်ဒင်းအက်ဖ်စီ |

## မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဌာနများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ မသန်စွမ်းသူများအသင်းများမှ တာဝန်ရှိသူများနှင့် မသန်စွမ်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(အပေါ်ပုံ)

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုပြိုင်ပွဲများတွင် အမြင်အာရုံမသန်စွမ်းကျား၊မ ဂိုးဘောလ်ပြိုင်ပွဲ၊ ကိုယ်အင်္ဂါမသန်စွမ်း ဝှီးချဲမီတာ ၅၀ ပြိုင်ပွဲနှင့် လုံးတံပစ်ပြိုင်ပွဲ၊ ဉာဏ်ရည်မသန်စွမ်း အကြားအာရုံမသန်စွမ်း အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၅၀ အပြေးပြိုင်ပွဲနှင့် လမ်းလျှောက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ဂုဏ်ပြုပြသသော Video Clip အား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

၀-၀-၀-၀-၀

၀-၀-၀-၀

စိမ်းလန်းစိုပြည်
လုပစေဖို့
သန့်ရှင်းသော
ကမ္ဘာမြေကို
စောင့်ရှောက်စို့။

## ပြည်သူများမဲစာရင်းမကျန်ရှိစေရေးအတွက် (Door to Door) ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၃**

မဟာအောင်မြေမြို့နယ်ရှိ ရပ်ကွက်များတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မဲစာရင်းကြေညာပြီး မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေးသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ မကျန်ရှိစေရေးအတွက် (Door to Door)စနစ်ဖြင့် ကွင်းဆင်းစစ်ဆေးခြင်းကို သံလျက်မော် အရှေ့ရပ်ကွက်နှင့် တက္ကသိုလ်ရပ်ကွက်များတွင် ဒီဇင်ဘာ ၁ ရက်က ဆောင်ရွက်ခဲ့သည်။

ထပ်မံတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ရာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာရပ်ကွက်၊ စာရေးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက (Door to Door) စနစ်ဖြင့် မြေပြင်ကွင်းဆင်း၍ ထပ်မံတိုက်ဆိုင်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၅၆)





## ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆက်လက်ဆောင်ရွက်ပေး

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား One Stop Service ကွင်းဆင်းဆောင်ရွက် ပေးခြင်းကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းတွင် မြို့သစ်(၃)ရပ်ကွက်ရုံးနှင့် မြို့သစ်(၄)ရပ်ကွက်ရုံးတွင် နေ့ချင်းပြီး ဆက်လက် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းမြသာစည်မြို့နယ်ဦးစီးမှူးဦးရဲမင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် (၁) ဗိုလ်မှူးထွန်းဇံဖြူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ကြသည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာ ၂၈ ရက်မှစ၍ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

အလင်းသစ်

(ချမ်း/စည် ပြန်/ဆက်)

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ဧက ၂၂၈၀၀ လျာထားစိုက်ပျိုးပြီးဖြစ်

**မြစ်သား ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ဧက ၂၂၈၀၀ လျာထားစိုက်ပျိုးလျက်ရှိပြီး သီးနှံအထွက်နှုန်း တိုးတက်စေရန် လိုအပ်သောသွင်းအားစုများ ထည့်သွင်းခြင်းနှင့် ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းများကို ဒေသခံတောင်သူများက ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲအပါအဝင် စားဖိုဆောင် သီးနှံပင် စိုက်ပျိုးတောင်သူများကို ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားရောဂါ ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ တောင်သူများကို အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကုလားပဲစိုက်ပျိုးတောင်သူများပူးပေါင်း၍ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးပြီး မြေဩဇာနှင့်သွင်းအားစုများ စနစ်တကျ သုံးစွဲစိုက်ပျိုးကြောင်း သိရသည်။

(အောက်ပုံ)

ဝါဝါမြင့် (မြစ်သား)



## ရေတိုက်စားသွားသည့် အမှတ်(၂)ခရိုင်ချင်းဆက်လမ်း၏ တာဘောင်အား ပြန်လည်ပြုပြင်မှု ရာနှုန်းပြည့်ပြီးစီး

**ကျောက်ဆည် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် လမ်းတံတားများ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရေတိုက်စားသွားသည့် အမှတ်(၂)ခရိုင်ချင်းဆက်လမ်း၏ ၆၈ ဒသမ ၈ ကီလိုမီတာနှင့် ၆၉ ဒသမ ၂ ကီလိုမီတာကြား လမ်းပိုင်းအား မြို့နယ်လမ်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။



လမ်းပြုပြင်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ(ငွေလုံးငွေရင်း) ငွေကျပ် ၂၆ သန်းဖြင့် ရေတိုက်စားသွားသော လမ်းတာဘောင်အရှည် (၀ ဒသမ ၄)ကီလိုမီတာ၊ ပျမ်းမျှအကျယ်(၁ ဒသမ ၈၃)မီတာအား ပြန်လည်ပြုပြင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်းသည် လမ်းအသုံးပြုသည့်ကျေးရွာများ များသည့်အတွက် ဒေသတွင်း ကုန်ပစ္စည်းများ သယ်ယူရာ၌ များစွာအရေးပါသဖြင့် ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးမှုများ များစွာအထောက်အကူ ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

# ရှေးဟောင်းဘုရားများပေါ် ပေါက်ရောက်နေသည့်သစ်ပင်များအား ဓာတုဆေးရည်ဖြင့် ရှင်းလင်းခြင်းများ ဆောင်ရွက်



**ညောင်ဦး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ ရှေးဟောင်းသာသနိကအဆောက်အအုံများတွင် ပေါက်ရောက်နေသည့်သစ်ပင်များ ရှင်းလင်းခြင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ တာဝန်ရှိသူများနှင့်ပုဂံအမွေအနှစ်စောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရှင်းလင်းခြင်းများ ဆောင်ရွက်သည်။

ပေါက်ရောက်နေသည့် ပေါင်းပင်များအား ဓာတုဆေးရည်များဖြင့် အပင်သတ်ခြင်း၊ ရှင်းလင်းခြင်း၊ လုပ်ဆောင်ခြင်းများကို သစ္စာဝတီဘုရား၊ ရှင်ပင်သန့်ရှင်း(ဘုရားနီ)၊ ရွှေနန်းရင်တောအုတ်တိုက်အစုအဝေးရှိ ဘုရားများ၊ နားတောင်းတပ်ဘုရား၊ မြင်းကပါ ဂူပြောက်ငယ်ဘုရားများတွင် ပေါက်ရောက်နေသည့် သစ်ပင်များအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ တာဝန်ရှိသူများနှင့် ပုဂံအမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်းက ပြောသည်။ **(အပေါ်ဝဲပုံ)**

**(၄၈၁)**

# မဲစာရင်းများမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**တံတားဦး ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်တွင် မဲပေးခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိရေးနှင့် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများ ရရှိစေရန် (Door to Door) စနစ်ဖြင့် မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းများကို အဖွဲ့များခွဲ၍ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မဲစာရင်းပါဝင်ရေး လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးရာသို့ တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက ငါးဇင်ရိုင်းကျေးရွာအုပ်စု၊ ချောင်းခွကျေးရွာအုပ်စု ရေခါးကျေးရွာအုပ်စု၊ ရွှေမိုးမြေကျေးရွာနှင့် သဲမောင်းကန်ကျေးရွာအုပ်စုတို့အား ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက တစ်အိမ်တက်ဆင်းစစ်ဆေးကြပြီး မဲစာရင်းတွင် ကျန်ရှိနေသူများအား ထပ်မံဖြည့်စွက်နိုင်ရန်နှင့် မဲစာရင်းတွင် မပါဝင်သင့်သူများအား ပယ်ဖျက်ခြင်းတို့ကို မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။**(ဝဲပုံ)(၄၀၉)**





မန္တလေး၊ အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား (၁၄၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးတွင် ၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့)တွင် ပဒေသာပင်နှင့် စာရေးတံမဲများ ခင်းကျင်း၍ နတ်တော်လပြည့်ကျော် ၄ ရက်၊ ဒီဇင်ဘာ ၈ ရက်(တနင်္လာနေ့)နံနက်တွင် ဘုရားအမွှုးပြုသော ပင့်သံဃာ ၃၅၀ ပါးတို့အား ဆွမ်းသပိတ်နှင့် စာရေးတံမဲများ လောင်းလှူမည်ဖြစ်ရာ စေတနာရှင်၊ ကုသိုလ်ရှင်များအနေဖြင့် ကြည်ညိုလောင်းလှူပူဇော်နိုင်ရန် နိုးဆော်ထားစဉ်။ (ကဆ)



# လဟယ်မြို့နယ်တွင် ပွေ့ထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်လျက်ရှိ

**လဟယ် ဒီဇင်ဘာ ၃**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် ပွေ့ထိုက်ချောင်းပေါ်တွင် ရေထိန်းတမံတစ်ခုတည်ဆောက်၍ ရေသိုလှောင်ပြီးရရှိလာမည့် ရေအားအမြင့်ကိုအသုံးပြုလျက် ပွေ့ထိုက်အသေးစားရေအား လျှပ်စစ်စီမံကိန်းကို တည်ဆောက်လျက်ရှိသည်။

ပွေ့ထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ပြီးလျှင် ၄ မဂ္ဂါဝပ်စက်အင်အားရှိ နှစ်စဉ် လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ် နာရီ သန်းပေါင်းထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပွေ့ထိုက်အသေးစားရေအား လျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်သို့ ဒီဇင်ဘာလ ၁ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး၊ စီမံကိန်းတာဝန်ခံမှ ဘဏ္ဍာနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီအရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ကုန်ကြမ်းပစ္စည်းများလုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိရေးနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားရေးတို့ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က မှာကြားကာ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

၀-၀-၀-၀-၀-၀-၀

# မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်သည့် ပုဂ္ဂလိကဆရာအတတ်ပညာ(လက်မှတ်)သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ မန္တလေးတက္ကသိုလ်တွင် ဖွင့်လှစ်သည့် ပုဂ္ဂလိကဆရာအတတ်ပညာ(လက်မှတ်)သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၃၀ရက်က မန္တလေးတက္ကသိုလ် စီးပွားရေးပညာဌာန၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များမှ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပြီးမြောက်အောင်မြင်ကြောင်း လက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းမှ ဆရာမတစ်ဦးနှင့် နိုင်ငံတကာသင်ရိုးသင်ကျောင်းမှ ဆရာတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီးနောက် ဆရာကြီး၊ ဆရာမကြီးများကိုယ်စား စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်က သင်တန်းသား၊ သင်တန်းသူများအား ဆုတောင်းမေတ္တာနှင့် ဩဝါဒစကား ပြောကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းတွင် အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းနှင့် နိုင်ငံတကာသင်ရိုးသင်ကျောင်းများမှ ကျောင်းစီမံတည်ထောင်အုပ်ချုပ်သူများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၇၈ ဦး တက်ရောက်ခဲ့ကြပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



### မုန်လာဥနီ

၁။ မုန်လာဥနီဟာ အမြင်အာရုံကို ကောင်းမွန်စေပါတယ်။

၂။ ကင်ဆာရောဂါကို ကာကွယ်ဖို့ ကူညီပေးပါတယ်။

၃။ အိုမင်းရင့်ရော်ခြင်းကို နှေးကွေးစေပါတယ်။

၄။ နှလုံးရောဂါကို ကာကွယ်ပေးနိုင်ပါတယ်။

၅။ အသည်းရဲ့လုပ်ဆောင်ချက်ကို တိုးတက်စေပါတယ်။

၆။ သွားကျန်းမာရေးအတွက်လည်း ကောင်းမွန်စေပါတယ်။

၇။ ရုတ်တရက် လေဖြတ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

၈။ ကျောက်ကပ်ကျန်းမာရေးအတွက်ကိုလည်း ကောင်းမွန်စေပါတယ်။

၉။ အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။



### မန်ကျည်းစေ့

မန်ကျည်းစေ့ကို သန့်ချတဲ့နေရာမှာ အသုံးပြုနိုင်ပါတယ်။ ခဏခဏ စအိုဝ ယားယံနေတတ်သူတွေအတွက် သတိထားရမယ့်အချက်ကတော့ အူထဲမှာ သန်ကောင်(အလုံးလိုက် သို့မဟုတ် အမျှင်လိုက်သန်ကောင်)တွေ ပုန်းအောင်းနေလို့ ဖြစ်နိုင်တာပါ။

မန်ကျည်းစေ့ကို မွှေးလာတဲ့အထိ လှော်ပြီးနောက် အပြင်က အခွံမာကို ဖယ်လိုက်ပါ။ အတွင်းက အဖြူရောင်အသားကိုပဲယူပြီး အစေ့ ၂၀ မှ ၂၅ စေ့ခန့်ကို ရေနှင့်ပြုတ်ပြီး ထိုပြုတ်ရည်ကို သောက်ပါ။

မန်ကျည်းစေ့ကို အခွံခွာပြီး ဆားရည်ထဲတွင် နူးညံ့လာသည်အထိ စိမ်ထားပါ။ နူးညံ့ပြီဆိုလျှင် မြေပဲစားသလို ဝါးစားပေးပါ။

အထက်ပါနည်းလမ်းများအတိုင်း တစ်နေ့လျှင် တစ်ကြိမ် သုံးရက်ဆက်တိုက်သောက်ပေးမယ်ဆိုရင် အူလမ်းကြောင်းထဲက သန်ကောင်တွေကို အကုန်အစင် ဖယ်ရှားပေးနိုင်ပါတယ်။



### သရက်ရွက်

သရက်ရွက်ဟာ သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးနိုင်ပြီး အစာအိမ်နဲ့အူလမ်းကြောင်းကို အာဟာရဖြစ်စေသော ပရီဘိုင်အိုတစ်ဓာတ်တွေ ကြွယ်ဝစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။

သရက်ရွက် အရင့် ၁၂ ရွက်ကို ရေစင်အောင်ဆေးပြီး ရေသန့် တစ်လီတာခွဲနဲ့ ၁၅ မိနစ်ခန့် ပြုတ်ပါ။ ထိုပြုတ်ရည်ကို ထမင်းမစားမီ တစ်ခွက် သောက်ပေးပါ။

ထိုသို့ သောက်သုံးပေးလျှင် အစာခြေစနစ် ကောင်းမွန်စေခြင်း၊ အစာအိမ်နာရှိသူများ၊ အူလမ်းကြောင်းပြဿနာရှိသူများ၊ လေပွခြင်း၊ ဗိုက်အောင့်ခြင်း(သို့မဟုတ်)အစာအိမ်ပူခြင်းတို့အတွက် အထူးသင့်တော်ပါတယ်။

အူလမ်းကြောင်းကို ဟန်ချက်ညီအောင် ထိန်းညှိပေးခြင်း၊ သရက်ရွက်မှာပါတဲ့ ပရီဘိုင်အိုတစ်ဓာတ်တွေဟာ အူလမ်းကြောင်းရှိ ဘက်တီးရီးယားများအတွက် အကောင်းဆုံး အာဟာရဖြစ်ပြီး စွန့်ထုတ်မှုကို ပိုမိုကောင်းမွန်စေပါတယ်။

သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ပေးပြီး ခန္ဓာကိုယ်ထဲ သကြားစုပ်ယူမှုကို လျှော့ချပေးနိုင်လို့ ဆီးချိုနဲ့ သွေးတိုးရှိသူများအတွက် ကောင်းမွန်ပါတယ်။

သရက်ရွက်မှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါဝင်သောကြောင့် ခန္ဓာကိုယ်ထဲက ဆဲလ်တွေကို ကာကွယ်ပေးပါတယ်။



### ကြာဖက်ကြီးပင်

ကြာဖက်ကြီးပင်ဟာ ပင်ထောင်ငယ်အပင်မျိုးဖြစ်၏၊ အရွက်က အင်ရွက်ထက်ကြီး၏၊ ခွေးသွားစိပ်ရှိ၏၊ အကိုင်းများက စိမ်း၏။ အပင်သည် ဖြူ၏။ အမြစ်သည် ဥကဲ့သို့ဖြစ်၏၊ အမြစ်ကို အရောင်ဆိုးရန် အသုံးပြုကြ၏၊ ဆေးလည်းအသုံးပြုကြ၏။

အမြစ်သည် ချုပ်၏၊ အနာကို အသားနုတက်စေ၏၊ နာကျင်ကိုက်ခဲခြင်းကို ပျောက်ကင်းစေ၏၊ သွေးယိုစီးခြင်းကို တားမြစ်တတ်၏၊ ကိုယ်၌ နာကျင်ကိုက်ခဲခြင်းဖြစ်ခဲ့သော် အမြစ်ကို သွေး၍ ပူအောင်ပြုလုပ်ပြီးလျှင် လိမ်းပေးရ၏၊ အရွက်နုကို ဟင်းချိုချက်စားကြ၏၊ အမြစ်ကို သွေးလိမ်းလျှင် ပွေး၊ ဝဲ ပျောက်၏၊ ၄င်းသတ္တုရည်ကို မြုံနေသော အနာပေါ်၌ အုံပေးလျှင် အနာကျက်၍ အသားနုတက်စေ၏။

ကြာဖက်ကြီးအမြစ်ကို ရေနှင့်သွေး၍ မီးနှင့် အတန်ငယ်ပူအောင်နွေး၍ အကြောတစ်လျှောက် ရောင်ရမ်းသောနေရာ၌ လိမ်းပေးလျှင် အကြောရောင်ရောဂါပျောက်ကင်းပါတယ်။

အမြစ်ကို ရေနှင့်သွေး၍ အဝတ်စပေါ်တွင် ထိုအရည်ကို သုတ်လိမ်း၍ အနာပေါ်၌ ကပ်ပေးပါက အနာပျောက်ကင်းပြီး အသားနုလျင်မြန်စွာ တက်ပါတယ်။

ခန္ဓာကိုယ်တွင် မည်သည့်နေရာ၌မဆို နာကျင်ကိုက်ခဲနေပါက အမြစ်ကိုသွေး၍ မီးနဲ့နွေးနွေးဖြစ်အောင်ကင်ပြီး သုတ်လိမ်းပေးပါက ပျောက်ကင်းစေပါတယ်။

သွေးယိုစီးနေသော အနာပေါ်၌ အမြစ်ကို ရေနဲ့သွေးပြီးလိမ်းပေးပါက သွေးယိုစီးခြင်းကို ရပ်တန့်စေပါတယ်။

လိပ်ခေါင်းဖြစ်နေသူများ ကြာဖက်ကြီးပင်ရဲ့ ဥကို သွေးလိမ်းပါ။ သောက်သုံးပေးပါက ပျောက်ကင်းပါတယ်။ အရွက်ကို ညက်အောင် ထောင်းကြိတ်ပြီး အနာပဆုတ်ပေါ်၌ အုံပေးပါက ပျောက်ကင်းပါတယ်။

ကြာဖက်ကြီးပင်ဟာ အရိုးဆက်တာတင်မကပါဘူး။ အဆိပ်ရှိတဲ့အကောင်အကိုက်ခံရရင်လည်း အဲ့ဒီအမြစ်ကို ထုထောင်းပြီး ကိုက်တဲ့နေရာကို အုံစည်းပေးရင် အဆိပ်ကျစေပါတယ်။ အရသာက ပူပြီး မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံပေါက်နေရင်လည်း အဲ့ဒီအမြစ်ကို သွေးလိမ်းရင် ပျောက်ပါတယ်။

ကြာဖက်ကြီးပင်ဟာ ကျွန်းရွက်နှင့်တူပြီး အသီးကလည်း ဖက်ခါးပင်နဲ့တူပါတယ်။

အရိုးကျိုးရင် ဆေးရုံသွားစရာတောင် မလိုပါဘူး။ ကြာဖက်ကြီးပင်ရဲ့ အရွက်ကို ထုထောင်းပြီး ကျိုးတဲ့နေရာကို အုံပြီး ပတ်တီးစည်းပေးရင် ကျိုးနေတဲ့အရိုး ပြန်ဆက်ပါတယ်။ အသားအရေတွေ ပွန်းပဲ့ထိခိုက်ရှနာတွေဖြစ်ရင် ကြာဖက်ကြီးအရွက် သတ္တုရည်ကို ညှစ်ပေးရင် အမြန်ဆုံး ပျောက်ကင်းပါတယ်။

ပိုလီယိုဖြစ်နေတဲ့ကလေးတွေလည်း ကြာဖက်ကြီးအမြစ် သို့မဟုတ် အရွက်သတ္တုရည်ကို လိမ်းပေးပါက သက်သာပျောက်ကင်းစေပါတယ်။



### ကြက်သွန်ဖြူပျားရည်စိမ်

ကြက်သွန်ဖြူပျားရည်စိမ်ကို စားသုံးပေးခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ခံစားရပါလိမ့်မယ်။

၁။ ကြက်သွန်ဖြူမှာ Alliin ဒြပ်ပေါင်းနဲ့ ပျားရည်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပေါင်းစပ်ပါဝင်မှုကြောင့် ကိုယ်ခံစွမ်းအားစနစ်ကို အားကောင်းစေပြီး ရောဂါပိုးမွှားများ ဝင်ရောက်မှုကို ထိရောက်စွာ ခုခံကာကွယ်ပေးနိုင်ပါတယ်။

၂။ ဒူးနာခြင်း၊ ခါးနာခြင်းနဲ့ အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်းများကဲ့သို့သော ရောင်ရမ်းမှုကြောင့် ဖြစ်ပေါ်သည့် နာကျင်မှုများကို သဘာဝအတိုင်း သက်သာစေနိုင်ပါတယ်။

၃။ ကြက်သွန်ဖြူဟာ သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်တဲ့အပြင် သွေးကြောပိတ်ဆို့ခြင်းကိုလည်း ကာကွယ်ပေးနိုင်တာကြောင့် နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

၄။ အသည်းရဲ့ လုပ်ငန်းဆောင်တာများကို အထောက်အပံ့ပေးပြီး ခန္ဓာကိုယ်အတွင်း စုဆောင်းနေသော မလိုအပ်သည့် အဆိပ်အတောက်များကို ဖယ်ရှားသန့်စင်ပေးရာတွင် ကူညီပေးပါတယ်။

၅။ ပျားရည်တွင်ပါဝင်သော Prebiotics များက အူလမ်းကြောင်းအတွင်းရှိ အကျိုးပြုဘက်တီးရီးယားများကို အားဖြည့်ပေးပြီး ကြက်သွန်ဖြူသည် မှိုရောဂါပိုးများကို တိုက်ဖျက်ပေးသဖြင့် အူလမ်းကြောင်းကျန်းမာရေးကို ပံ့ပိုးပေးပါတယ်။

၆။ ဓာတ်တိုးဆန့်ကျင်ခြင်းနဲ့ ရောင်ရမ်းမှုလျှော့ချခြင်းအစွမ်းသတ္တိများကြောင့် ဝက်ခြံထွက်ခြင်း၊ အရေပြားနီမြန်းခြင်းတို့ကို သက်သာစေကာ အသားအရေကို ကြည်လင်တောက်ပစေပါတယ်။

၇။ နံနက်တိုင်း ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မဖြစ်စဉ် (Metabolism)ကို လှုံ့ဆော်ပေးပြီး တစ်နေ့တာအတွက် လိုအပ်သော ခွန်အားနဲ့ စွမ်းအင်ကို သိသိသာသာ တိုးတက်ရရှိစေပါတယ်။



### သံပရာသီးရေနွေးစိမ်

သံပရာသီးကို ရေနွေးစိမ်သောက်ခြင်းဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိစေမှာပါ။

၁။ PH ပမာဏကို မျှတစေပါတယ်။

၂။ သွေးပေါင်ချိန်ကို ထိန်းညှိပေးပါတယ်။

၃။ ကိုယ်ခံအားစနစ်ကို ထိန်းညှိပေးပါတယ်။

၄။ အစာမစားမီ သောက်ပေးပါက အစာခြေဖျက်မှုကို အထောက်အကူပြုပါတယ်။

၅။ အသည်းကို သန့်စင်ပေးပါတယ်။

၆။ ခံတွင်းနံ့ဆိုးစေတဲ့ ဘက်တီးရီးယားကို သေစေနိုင်ပါတယ်။

၇။ အသားအရေကို စိုပြည်ဝင်းပစေပါတယ်။

၈။ ကျောက်ကပ်ကျောက်တည်ခြင်းကို ကာကွယ်ပေးပါတယ်။

၉။ သွေးတိုးသမားများအတွက် အသင့်လျော်ဆုံးဖြစ်ပါတယ်။

၁၀။ ကိုလက်စထရောမြင့်တဲ့သူတွေအတွက် ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါတယ်။

၁၁။ ကိုယ်ခန္ဓာတွင်းက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပါတယ်။

တစ်နေ့ တစ်ခွက် သောက်သုံးပေးပါက ပြောင်းလဲမှုတစ်ခုကိုတော့ သင်ခံစားလာရပါလိမ့်မယ်။



### မင်းကွတ်သီးအခွံ

မင်းကွတ်သီးအခွံကို အခြောက်လှန်းပြီး သိမ်းထားပါ။

အရေပြားရောဂါ၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အဖုအပိမ့် ထွက်ခြင်း၊ ရေယုန်၊ ပြည်တည်နာ၊ ရေကျောက်တို့ကို ကုသရာမှာ တကယ်ထိရောက်ပါတယ်။

မင်းကွတ်သီးအခွံခြောက်ကို ထုံးရေကြည်နဲ့ပျစ်လာအောင်သွေးပြီး အရည်ကြည်ဖုများ၊ ပြည်တည်နာများ သို့မဟုတ် ပွေးများပေါ်တွင် တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်လိမ်းပေးပါက သက်သာပျောက်ကင်းပါတယ်။

မင်းကွတ်သီးခွံအခြောက် တစ်ခု၊ နှစ်ခုကို ရေတစ်လီတာနဲ့ပြုတ်ပြီး အနာများကို ဆေးကြောပေးလျှင် ပျောက်ကင်းပါတယ်။

မင်းကွတ်သီးအခွံခြောက်တစ်ခုကို ရေနဲ့ ၁၀ မိနစ်ခန့်ပြုတ်ပြီး တစ်ခါသောက်လျှင် ထမင်းစားဇွန်း တစ်ဇွန်းဖြင့် လေးနာရီခြားတစ်ခါသောက်ပေးပါက ဝမ်းပျက်၊ ဝမ်းလျှောရောဂါနဲ့ နာတာရှည်ဝမ်းလျှောခြင်း၊ သွေးဝမ်းသွားခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

## သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော၊ စာအုပ်၊ စာစောင်ပြပွဲ ပြုလုပ်



**ကျောက်ဆည် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးဟောပြော၊ စာအုပ်၊ စာစောင်ပြပွဲပြုလုပ်ခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းရီက ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များနှင့် ရှောင်ရန်၊ ဆောင်ရန်များကို ဟောပြောခဲ့ပြီး ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

(အပေါ်ပုံ)

**စုစုအေး(ကျောက်ဆည်)**

## မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**ပုဗ္ဗသီရိ ဒီဇင်ဘာ ၃**

နိုင်ငံသားတိုင်းမဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲစာရင်းမှန်ကန်ပြည့်စုံစေရေး အတွက် မဲစာရင်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ တစ်အိမ်တက်ဆင်း စိစစ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများအား အိမ်ထောင်စုစာရင်းဖြင့် အသက်(၁၈) နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်မှု ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲပေးပိုင်ခွင့်ရှိပြီး မဲစာရင်းတွင် ပါဝင်မှုမရှိသေးသူများအား ပုံစံ(၃)ဖြင့် လျှောက်ထားဆောင်ရွက်ခြင်းများကို တစ်အိမ်တက်ဆင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀






ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

## အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေး

**စဉ့်ကိုင် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှု မရှိစေရေးအတွက် ပြည်သူများအားလုံး ပူးပေါင်းပါဝင်၍ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး ဒို့အတူတူ မဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့မဈေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်များ၊ လူစည်ကားရာနေရာ ဒေသခံပြည်သူများနှင့် ကျောက်ဆည်တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြသည်။

ထိုသို့ ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး သတင်းစာ


### မန္တလေးနေ့စဉ်

* နံနက်ခင်း
အလင်းဖြာဆင်း
လောကတစ်ခွင် လင်းနေချိန်။

* နံနက်ခင်း
မျက်နှာသန့်ရှင်း
မျက်နှာချင်းဆုံ
လက်ဖက်ရည် တည်ခင်းနေချိန်။

* စားပွဲပေါ်မှာ
ရှုစရာ ကဏ္ဍအစုံစုံ
သုတအဖုံဖုံ
နေ့ အရကျော်နှင့်အတူ
အသိဉာဏ် ပွင့်လင်းဖို့
အလင်းတန်းတစ်ခု ဖြာကျလာ
အဲ့ဒါ. . . . .
မန္တလေးနေ့စဉ် သတင်းစာ ။ ။

မင်းဆက်ချစ်နော်
(၂၉ နှစ်မြောက် မန္တလေးနေ့စဉ်သို့)



## ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တံတားဦး ဒီဇင်ဘာ ၃**

တံတားဦးမြို့နယ်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် အသိပညာပေးနှိုးဆော်သည့် ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တံတားဦးမြို့၊ မြို့မဈေးအနီးတွင် ဈေးရောင်း၊ ဈေးဝယ်များနှင့် အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူအားလုံးပါဝင်ပြီး လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဒို့အတူတူ မဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များကို အရောင်အသွေးစုံလင်စွာဖြင့် အခမဲ့ဖြန့်ဝေပေးခဲ့သည်။



အဆိုပါအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်နှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၀၉)

၀-၀-၀-၀-၀-၀-၀
၀-၀-၀-၀-၀

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၃၇(အေ)လမ်းတွင် နေထိုင်သူ ဦးစိုးလွင်(ဘ)ဦးအီစမိုင်အင်(၉/မရမ(နိုင်)၀၅၀၇၁၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးလွင်သည် (၂၀၂၀)ခုနှစ်တွင် ညီအရင်းဖြစ်သူ ဦးညီညီလွင်အား မန္တလေးမြို့တော်စာချုပ်စာတမ်းရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ပေးခဲ့သော်လည်း ယခုအခါ အဆိုပါ ကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ရန်ဆန္ဒမရှိတော့ပါသဖြင့် ဦးညီညီလွင်အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၀၀)၊ ဦးပိုင်အမှတ်(၆-စ)၊ ဧရိယာ(၀ ဒသမ ၀၉)ဧက အကျယ်အဝန်းရှိ မြေကွက်အား ရောင်းချရန်အတွက် ဦးစိုးလွင်မှ ဆန္ဒလုံးဝမရှိပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အမွေဆက်ခံခြင်းစာချုပ် ပြုလုပ်ချုပ်ဆိုခြင်းများကို ကန့်ကွက်ပါကြောင်း၊ အကယ်၍ ဦးစိုးလွင်၏ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ဦးစိုးလွင်မှ (၂၀၂၀)ခုနှစ်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအားအသုံးပြု၍ မြေကွက်(ရောင်း/ဝယ်) (ငှား/အမွေဆက်) စာချုပ်များအား ချုပ်ဆိုခြင်းများ ပြုလုပ်ခဲ့ပါလျှင်လည်းကောင်း၊ ကျွန်ုပ်အမှုသည်၏ ရပိုင်ခွင့်အား ဥပဒေနှင့်အညီ (၇)ရက်အတွင်း ဆောင်ရွက်ပေးခြင်းမရှိပါလျှင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန္ဒာမြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)(စဉ်–၈၀၃၆)**

**ဒေါ်ချောစုမေ(စဉ်–၉၈၁၅)၊ ဒေါ်ဆုမွန်မွန်(စဉ်–၁၁၆၄၇)၊ ဦးကျော်ကျော်နိုင်(စဉ်–၁၅၃၈၇)၊**

**(တရားလွှတ်တော်ရှေ့နေများ)**

**အိမ်အမှတ်(ဒီ–၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ရုံးခန်း ၀၉–၄၅၀၀၄၉၇၀၆၊ ၀၉–၂၀၃၅၈၅၅**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ အကွက်အမှတ်(အ–၂၂)၊ ဦးပိုင်အမှတ်(၂၈)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ လမ်း ၁၂၀နှင့် မင်္ဂလာလမ်းကြားရှိ ဘောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ရှိန်(၉/မနမ(နိုင်)၀၆၇၀၃၄)၏ (SP ရရှိသူ ဦးဌေးအောင်)က ဘောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၉၆၃/၂၀၂၅-၂၀၂၆)ဖြင့် ဘောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၁၈)၊ ဦးပိုင်အမှတ်(၄၆–ခ)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးအောင်ဆန်းမိုး၊ ဒေါ်ခင်ညွှန့်တို့ (၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးအောင်ဆန်းမိုးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၈/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ညွှန့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၄၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မျိုးမြင့်သန္တာ(၉/ပကခ(နိုင်)၀၀၅၆၄၈)က အမှုတွဲအမှတ်(၃၉၇၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ်(၉၁–ဃ)၊ ဧရိယာ(၀ ဒသမ ၀၃၂၆)ဧက အကျယ်အဝန်းရှိ ဒေါ်မွန်သူဇာချစ်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် လျှပ်စစ်မီတာ၊ ရေမီတာနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေကွက်အမည်ပေါက်သူ ဒေါ်မွန်သူဇာချစ်(ဘ)ဦးပင်မြင့်(၉/ခအစ(နိုင်)၀၀၆၇၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဤကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စန္ဒာခိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း ၀၉–၄၀၂၅၈၉၅၁၄၊ ၀၉–၉၆၉၄၄၄၁၉၉**

**၂၁လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## ဘုရား၊ ကျောင်း၊ သိမ်၊ ရဟန်း၊ ရေကန် ဒါယိကာမကြီး

## သီဟသုဓမ္မသီင်္ဂီ ဒေါ်တင်ရီ အသက်(၉၇)နှစ်

## (စိန်နှင့်မြ မှို့၊ ငွမ်း၊ ချည်ထုပ် ရောင်းဝယ်ရေး)ဈေးချို(L)၏

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားနေ ဦးစောထွန်း+ဒေါ်တင်တင်နိုင်တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါ်နီနီယဉ်၊ ဦးဇော်ဝင်း+(ဒေါ်မူမူအေး)၊ ဦးမြသိန်း+ ဒေါ်ဌေးဌေးယဉ်၊ ဦးကျော်မင်း+သီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်ပြုံးယဉ်(ခ)မငယ်(စိန်နှင့်မြ မွေ့ရာပရိဘောဂ)တို့၏ ချစ်လှစွာသော မိခင်ကြီး၊ မြေး(၁၁)ယောက်၊ မြစ်(၉)ယောက်တို့၏ ဘွားဘွားကြီး၊ စိန်နှင့်မြ ဖခင်ကြီး(ဦးထွန်းရင်)၏ ဇနီး

## သီဟသုဓမ္မသီင်္ဂီ ဒေါ်တင်ရီ အသက်(၉၇)နှစ်

သည် ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း(၁၃)ရက်၊ (၂–၁၂–၂၀၂၅)ရက်၊ အင်္ဂါနေ့ည(၇း၄၉)နာရီတွင် (၉၆)ပါးသောဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း(၁၅)ရက်၊ လပြည့်နေ့(၄–၁၂–၂၀၂၅)ရက်၊ ကြာသပတေးနေ့၊ မွန်းလွဲ(၁း၀၀)နာရီတွင် ၃၄လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ စိန်နှင့်မြ သက်န်းတိုက်မှ အေးရိပ်ငြိမ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၅–မ/၃၃)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ(၀ ဒသမ ၄၆၆၇)ဧက အကျယ်အဝန်းရှိ ဦးသန်းအောင်အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း အလယ်ပိုင်းခဲစင်းပြဧရိယာ(၀ ဒသမ ၀၁၆၂)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်း၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၄၀၁၂)ဧက အကျယ်အဝန်းရှိ ဦးသန်းအောင်အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း အလယ်ပိုင်းခဲစင်းပြဧရိယာ(၀ ဒသမ ၀၂၀၉)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်များပေါ်ရှိ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၄၀/၂၀၂၄)နှင့် (၁၅၄၁/၂၀၂၄)တို့အရ တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ အဆိုပြု ရောင်းချသူများဖြစ်ကြသည့် (၁) ဦးရာဂျန်း(ဘ)ဦးကစ္စနားဗဟာဒူး (၉/မကန(နိုင်)၁၀၉၈၁၀)နှင့် (၂) ဒေါ်ဘီဒီယား(ဘ)ဦးဗဟာဒူး(၁၃/နစန(နိုင်)၀၇၁၈၁၇)တို့က ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြု ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်လပြည့်(ဥပဒေဘွဲ့)**

**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင်(ဥပဒေဘွဲ့)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း– လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၅၅၉၂၆၊ ၀၉–၇၅၂၄၅၅၉၂၆၊ ၀၉–၉၄၀၇၉၀၀၉၉၊ ၀၉–၇၉၇၃၅၀၀၇၁၊ ၀၉–၄၀၂၆၄၇၆၂၄**

❖ လူသားများ၏လုပ်ဆောင်မှုကြောင့် ရာသီဥတုပြောင်းလဲလာခြင်း ဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လို ...

❖ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ် ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၂၉၃ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်




နေပြည်တော် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ - မဲ့ထော်သလေး (KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၂၉၃ လုံးကို စနစ်တကျဖြိုချဖျက်ဆီးခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေအတွင်း ရှိ တရားမဝင်အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ် သိမ်းဆည်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၀ သို့ ➡

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အဆောက်အအုံဖြိုချဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

## ရှမ်းယူနိုက်တက်အသင်းနှင့် နန်ဒင်းအက်ဖ်စီအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

Asean Club Championship/Shopee Cup 2025-2026 အုပ်စု(B)ပွဲစဉ်ဖြစ်သည့် ရှမ်းယူနိုက်တက်(မြန်မာ)နှင့် နန်ဒင်းအက်ဖ်စီ(ဗီယက်နမ်)အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးဟန်ဝင်းအောင်က "နန်ဒင်းအသင်းနောက်ဆုံးကစားထားတဲ့ ပွဲစဉ်တွေကို ကြည့်ပြီး သေချာလေးပြင်ဆင်ထားပါတယ်။ သူတို့အသင်းက AFC Champions League 2 မှာ ဝင်ပြိုင်နေတဲ့အသင်းဆိုတာ သိထားတယ်။ ပြည်ပကစားသမား ၁၃ ဦးအထိ ပိုင်ဆိုင်ထားမှန်းလည်းသိတယ်။ ဒါပေမယ့် Shopee Cup မှာ (၇) ဦးပဲ ကစားခွင့်ရှိတယ်။ အိမ်ကွင်းမှာ ရလဒ်ကောင်းရဖို့ အကောင်းဆုံးကြိုးစားသွားပါမယ်"ဟု ပြောသည်။

ရှမ်းယူနိုက်တက်အသင်း ကွင်းလယ်လူ မာ့ခ်ဆာကီက "နည်းပြမှာကြားထားတဲ့အတိုင်း ကျွန်တော်တို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဒီပွဲစဉ်က အသင်းသားအားလုံးအတွက် အရေးကြီးပါတယ်"ဟု ပြောသည်။

ရှမ်းယူနိုက်တက်အသင်းသည် Asean Club Championship/Shopee Cup 2025-2026 အုပ်စု(B)ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၄ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းတွင် နန်ဒင်းအက်ဖ်စီအသင်းနှင့် ယှဉ် ပြိုင်ကစားသွားမည်ဖြစ်သည်။ **နိုင်ကမ္ဘာ**





## ၂၀၂၅ ဆီးဂိမ်း အမျိုးသား ယူ-၂၂ ဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်နှင့် ထိုင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် ဒီဇင်ဘာ ၃**

၂၀၂၅ အရှေ့တောင်အာရှ ဆီးဂိမ်း အမျိုးသား ယူ-၂၂ ဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက ဗီယက်နမ်အသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်အသင်းက လာအိုအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီယက်နမ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၂၈ မိနစ်နှင့် မိနစ် ၆၀ တွင် Nguyen Dinh Bac တစ်ဦးတည်းက သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲက ထိုင်းအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက တီမောအသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (NGB)